**မဒမ်မော်** ၏ နောက်ဆုံးနေ့များသည် တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်း လေးဦးဂိုဏ်းကို ဦးဆောင်ခဲ့သည့် မော်စီတုန်း၏ဇနီး ချန်ကျင်း၏ အကြောင်းကို ရေးဖွဲ့ထားသည်။

ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပြီး ရည်ရွယ်ချက်ကြီးမားသူ ချန်ကျင်းသည် ကွန်မြူနစ်တို့၏ အနုပညာဖြင့် ဝါဒဖြန့်ချိခြင်း သဘောတရားအပေါ် ကောင်းစွာအသုံးချ၍ မော်စီတုန်း၏ ဇနီး ဖြစ်လာခဲ့သည်။

ချန်ကျင်းသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ဒုဥက္ကဋ္ဌဖြစ်သူ လင်းပြောင်နှင့်တွဲဖက်၍ မော်စီတုန်း၏ အတွေးအခေါ်များကို ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ပုံစံဝင်အောင် ယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်း ပုံဖော်ပေးနိုင်ခဲ့သည်။

မော်စီတုန်း မကွယ်လွန်မီ နိုင်ငံရေးအုပ်စုဖွဲ့ကာ ပါတီကိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့သော်လည်း စစ်တပ်ကိုပိုင်နိုင်စွာ မစည်းရုံးနိုင်ခဲ့ခြင်းက ချန်ကျင်းအတွက် နိုင်ငံရေးကြမ္မာငင်ခဲ့ရသည်။

မော်စီတုန်းကွယ်လွန်ပြီး တစ်လအတွင်း ချန်ကျင်းအပါအဝင် လေးဦးဂိုဏ်းကို ဖမ်းဆီးခဲ့ပြီး ယဉ်ကျေးမှုတော်လှန်ရေး ကာလတွင်း ဘာသာရေးနှင့် နိုင်ငံရေးယုံကြည်မှုတို့အပေါ် မစွန့်လွှတ်သူ ခုနစ်သိန်းသုံးသောင်းကို ညှင်းဆဲနှိပ်စက်မှုနှင့် အသတ်ခံရသူပေါင်း သုံးသောင်းလေးထောင်ကျော်တို့အတွက် စွဲချက်တင်၍ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခံခဲ့ရသည်။

မဒမ်မော်၏ ဇာတ်လမ်းသည်ကား မော်စီတုန်းကာလနှင့် တိန့်ရှောက်ဖိန်ကာလ အကူးအပြောင်း၌ တရုတ်ပြည်တွင်းရေး မငြိမ်မသက်မှုနှင့် နိုင်ငံရေးအာဏာလုမှုများ၏ ခေတ်သစ်ပုံပြင်တစ်ပုဒ်ပင် ဖြစ်ပါတော့သည်။